# ဘုတ်ကိုင်းကျေးရွာ

# သရက်ချောင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုတ်ကိုင်းကျေးရွာ၊သရက်ချောင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မေလ

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဘုတ်ကိုင်းကျေးရွာ သယံဇာတပြမြေပုံ၊ သရက်ခေ႐ျ္ာင်းမြို့နယ်** | ၄ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၅ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၅ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ) ငါးလုပ်ငန်း | ၆ |
| | (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆။ | **ပညာရေး** | ၈ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၈ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၈ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၉ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၁ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၇ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၉ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထား သည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရ ရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက် အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်

သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီး ဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိ နိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါ ကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက် မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ စသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

မေလ၊ ၂၀၁၉ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုတ်ကိုင်းကျေးရွာ၊သရက်ခေ ျ ာင်းမြို့နယ်

ဘုတ်ကိုင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘုတ်ကိုင်းကျေးရွာသည် ဆင်ကူးကျေးရွာအုပ်စု၊ သရက်ချောင်းမြို့နယ်တွင် ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ခန့်ကပင် တည်ရှိနေသော ရွာတစ်ရွာ ဖြစ်ပါသည်။ တောင်ဘက်တွင် ကျွဲဖပ် ကျေးရွာ၊မြောက်ဘက်တွင် ဆင်ကူးကျေးရွာ၊အရှေ့ဘက်တွင် တောတန်းများနှင့် အနောက်တောင်ဘက်တွင် အိမ်ရှေ့ပြင်ကျေးရွာတို့ဖြင့် ထိစပ်လျက်ရှိသည်။ ကျေးရွာ၏ပတ်ပတ်လည်တွင် စိမ်းစိုသောတောင်တန်းများဖြင့် ဝန်းရံထားပါသဖြင့် နေချင်ဖွယ်ကောင်းသောကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘုတ်ကိုင်းကျေးရွာသည်ပူ၍မိုးများသောအပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့်ဒေသ အတွင်းတည်ရှိပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ရွာတွင် ရာဘာတော၊ ကွမ်းသီးတောများ စိုက် ပျိုးထုတ်လုပ်ကြပါသည်။အခြားသောသတ္တုကျောက်မျက်၊ ခဲ စသည့် သယံဇာတတွင်း ထွက်များမှာ အလွန် ပင်ရှားပါးလှပါသည်။ ထိုသို့ သယံဇာတတွင်းထွက်များ မရှိသဖြင့် ကျေးရွာရှိအိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာနှောင့်နှေးနေပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘုတ်ကိုင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (**၈၇**) အိမ်ရှိပြီး လူဦးရေပေါင်း (**၄၈၄**) ဦး ရှိပါသည်။ဘုတ်ကိုင်းကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် ပြည်ထောင်စုလမ်းမကြီး နဘေးတွင်ရှိသောကြောင့် တိုးတက်မှုရှိနေသောရွာတစ်ရွာပင်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အုပ်ချုပ်ရေး အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိန်းမကြီးအဖွဲ့၊ ကာလသား ကာလသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြ ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ဖြစ်သော World Vision အဖွဲ့အစည်းသည် ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍ၊ကျန်းမာရေး ကဏ္ဍများအတွက် လိုအပ်သော အထောက်အပံ့များ၊ချေးငွေများကို ဆောင်ရွက်ပေးနေပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင် ပေးလျက်ရှိပါသည်။ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဘုတ်ကိုင်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၆၆) ကေ၊ ၊ ဥယျာဉ် ခြံမြေ (၃၄၆) ကေနှင့် ဓနိတောမြေ (၅) ကေ စုစုပေါင်း (၄၂၁) ကေ ရှိပါသည်။ ၂.၅

ကေ အောက် ဆင်းရဲ သားတောင်သူ (**၁၃**) အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (**၁၀**) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ကေကြားတောင်သူလတ် (**၁၁**)အိမ်ထောင်စု၊၁၂.၅ ကေအထက်တောင်သူကြီး(၁၄) အိမ် ထောင်စုနှင့်မြေယာမဲ့ တောင်သူ(၃**၉**)အိမ်ထောင်စုစသည်တို့ရှိကြပြီးအဓိကအားဖြင့် ဥ ယျာဉ်ခြံလုပ်ငန်းကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏(**၄၄.၈၂**%)ခန့်ရှိ ပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ကိုအခြေခံသောရွာတစ်ရွာဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှု အတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ မြေဆီလွှာမ ကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိနေပါသည်။

**ကျေးရွာ၏အဓိကထွက်ကုန်များမှာ ကွမ်းသီး၊ မင်းဂွတ်၊ ဒူးရင်းတို့ဖြင့်ပါသည်။**ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်း မှာ တစ်ကေ ပျမ်းမျှ (၄၅)တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (**၄**) စီး၊**ရိတ်သိမ်းခြွေလှေ့စက်**(၁)**လုံး**နှင့် မြက်ရိတ်စက်(၃**၃**)လုံးရှိပါ သည်။ ကိုယ်ပိုင်စက်ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ် ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှု တွင် ကုန်သည်ပွဲစားများမှတဆင့်ရောင်းချနိုင်ကြပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင် ရောက်မှုရှိသဖြင့် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ် ယာသုံးစက်ကိရိယာများ မလုံလောက်ခြင်းများရှိနေပါသည်။ ဘုတ်ကိုင်းကျေးရွာတွင် သီးနှံထုတ်လုပ် မှုအတွက် ပြဿနာများမှာမြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင် နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ် အလွယ်တကူမရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုး စေ့များ အလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အနည်းငယ်ရှိခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးသူများအတွက် ချေးငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေး

နည်းပညာ ပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ် ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ဘုတ်ကိုင်းကျေးရွာတွင် အိမ်ထောင်စု(၄၉)အိမ်မှ ကြက်(၃၆၀)ကောင်၊အိမ်ထောင်စု(၂) စုမှ ဝက် ကောင်ရေ(၁၂)ကောင် တပိုင်တနိုင် မွေးမြူကြရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် ရေငန် ငါးဖမ်းခြင်း(ဝါလတ်လှေလုပ်သား) လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ် ရှိပါ သည်။

စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင် ကြရန်အတွက် မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

**(ဂ) ငါးလုပ်ငန်း**

ဘုတ်ကိုင်းကျေးရွာမှ အိမ်ထောင်စုများသည်ကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိချောင်း၊ မြောင်းများတွင် ပိုက်ကွန်များဖြင့်ငါးဖမ်းလုပ်ငန်းကိုသာလုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်းလုပ်ငန်းမှ သားငါးများသည် ကျေးရွာ၏စားနပ်ရိက္ခာဖူလုံမှုအတွက်သာရရှိပြီး အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်ခြင်း မရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ဘုတ်ကိုင်းကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ စျေးရောင်း၊ လက် ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များ သယ်ယူပို့ဆောင်စရိတ် ကြီးမားသောကြောင့် အသားတင်အမြတ် ငွေနည်းပါးပါသည်။ ထို့ကြောင့်ဆန်စပါးများ ရောင်းချလိုသည့်အခါ အခြားနီးစပ်ရာကျေးရွာများရှိ ဆန် ကုန်သည် များနှင့် ရောင်းချနေကြရပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘုတ်ကိုင်းကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၅-၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်းများ မလိုအပ်ပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့ အတွက်လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေ လို အပ်ချက် များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်/ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခို အဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဘုတ်ကိုင်းကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်မော်တော်ဆိုင်ကယ်များ၊ထော်လာဂျီများ နှင့် ကားများကိုသာ အဓိကထား အသုံးပြုကြပါသည်။ ထားဝယ်-မြိတ်ကားလမ်းမကြီး ဖောက်လုပ်ပြီးစီး သည့် အချိန်မှစ၍ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက် ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စု များမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်လာသည့်အခါ အခက် အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း၊ ကျောက်ချောလမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်း လမ်းများသည် မိုးရာသီတွင်သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများ ဖြစ်သည့်အတွက် ကွန်ကရစ်လမ်း သို့ အဆင့်မြင့်တင်လိုခြင်း၊ စာသင်ကျောင်းမှ ဘုတ်ကိုင်းရွာအတွင်းရှိပြီးမြေသားလမ်း ဖြစ်နေသည့်အတွက် ကွန်ကရစ် လမ်းအဖြစ် အဆင့်မြင့်တင်လိုခြင်း ပြုလုပ်လို ကြပါသည်။ ကျေးရွာချင်းဆက်လမ်းတွင် ရေပြွန် တံတား (၅) စင်းနှင့် ကွန်ကရစ်တံတား (၁)စင်းရှိပြီး အရည်အသွေးမှာကောင်းမွန်မှုရှိကြပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ဘုတ်ကိုင်းကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် လျှပ်စစ်မီးသုံးစွဲမှု အိမ်ခြေမှာ(၁၄) အိမ်ခန့် ရှိပါသည်။ အိမ်ခြေ(၅၉)အိမ်သည် လျှပ်စစ်မီး အသုံးမပြုနိုင်ကြပါ။ လျှပ်စစ်မီးရရှိပါက ကျေးရွာအတွင်း ကျောင်းသား/သူများ၏ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မ များအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်အထောက်အပံ့များဆောင်ရွက်နိုင်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘုတ်ကိုင်းကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း(၁၆၁)လုံး၊ ရေဒီယို (၃၅) လုံး၊ တီဗွီ (၃၉) လုံး၊ ဂြိုလ်တုစလောင်း (၂၈)လုံး စသည်တို့မှ ရရှိသည့်အပြင် ဘုတ်ကိုင်း ကျေးရွာ နှင့်(၂)မိုင်လောက်ဝေးသည့် ကျွဲဇပ်ကျေးရွာတွင် တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့် သတင်းနှင့်အချက် အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးကွေးပါသည်။

## ၆။ ပညာရေး

ဘုတ်ကိုင်းကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းပညာသင်ကြားနိုင်ပြီး နီးစပ်ရာ ကျွဲဇပ် ကျေးရွာအထက်တန်းကျောင်းတွင်အလယ်တန်းနှင့်အထက်တန်းအဆင့်များကိုဆက်လက်ပညာ သင်ယူနိုင်ပါသည်။တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရာခိုင်နှုန်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်းစာမတတ်သူတစ်ချို့ရှိပါသည်။ ဘွဲ့ရသူဦးရေ(၃၂)ဦးအထိရှိနေပြီဖြစ်သည်။ မူလတန်း ပညာပြီးမြောက်မှုမှာ ကျေးရွာရှိစုစုပေါင်း လူဦးရေ၏(၄၅.၈၁%)၊ အလယ်တန်းပညာ ပြီးမြောက်မှု မှာ (၂၈.၀၉%) ရှိပြီး ၊အထက်တန်း ပညာပြီးမြောက်မှုတွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလ များနှင့်နှိုင်းစာလျှင်ဘွဲ့ရဦးရေများပြားလာသည်ဟုဆိုနိုင်ပါသည်။

ဘုတ်ကိုင်းကျေးရွာတွင် ယခုလက်ရှိ မူလတန်းပညာသင်ကြားနေသော လူဦးရေမှာ (၃၆) ဦး၊ အလယ်တန်းပညာသင်ကြားနေသူ(၂၅)ဦးနှင့် အထက်တန်းပညာသင်ကြနေသူ (၁၇)ဦးရှိပြီး ကျောင်း ဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်း မှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်း မီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာ အသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘုတ်ကိုင်းကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေး သူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျန်းမာရေး နှင့်ပတ် သက်၍ ရွာသူ/သားများသည် ကျေးရွာအတွင်းနေထိုင်သော ကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါ သည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ကာကွယ်ဆေးထိုးခြင်းများကို ဆင်ကူးကျေးရွာ ကျန်းမာ ရေးဌာနခွဲတွင် သွားရောက်ထိုးနှံကြပါသည်။ ကျန်းမာရေးမကောင်းဖြစ်လာလျှင် (၄) မိုင်ခန့်ဝေး သော သရက်ခေ ျ ာင်းမြို့သို့ သွားရောက်၍ ပြသရပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေး များကို စနစ်တကျသိုလှောင်ထားခြင်း အားနည်းပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါ ပြင်းထန် သည့် လူနာများသည် ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါ သည်။

ဘုတ်ကိုင်းကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၆၄)တွင်းနှင့်မြစ်ရေ ချောင်းရေ အနည်း ငယ်ရှိပါသည်။ နွေရာသီတွင် ရေခမ်းခြောက်မှုများ မရှိပါ။ လုံလောက်သော သောက်သုံးရေကိုရရှိပါသည်။ တစ်ရွာလုံးအနေဖြင့် ရာသီသုံးမျိုးလုံးတွင်သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဖန်တီးလိုကြပါသည်။

ဘုတ်ကိုင်းကျေးရွာတွင် ရွာလုံးကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲမှု ရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါ နှင့် ပတ်သက်သော ရောဂါ များ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ် ပေးရန် ဆန္ဒရှိကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘုတ်ကိုင်းကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိ မှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ် နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုတက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘုတ်ကိုင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာ ရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ သည် အမျိုးသားများနှင့် တန်းတူပါဝင် လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာ တွင်လယ်ယာလုပ်ငန်း များတွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၆၀၀၀) ကျပ် ဖြစ်ပြီး အမျိုးသားများ ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၆၀၀၀) ကျပ်ဖြစ်ပါသည်။ ဆောက်လုပ်ရေး(ပန်းရံ)လုပ်ငန်းတွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၅၀၀၀)ကျပ် ဖြစ်ပြီး အမျိုးသားများ၏တစ်နေ့အနည်းဆုံးလုပ်အားခသည် (၇၀၀၀)ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်း အဖွဲ့များတွင် အမျိုးသမီး များ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်း ဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲ များပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ဆင်ကူး | | | ကျေးရွာအမည် – ဘုတ်ကိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ခေါင်းဆောင်မှု၊ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ၊ စီမံခန့်ခွဲရေး သင်တန်းများ ပြုလုပ်ပေးခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | စာရင်းကိုင်သင်တန်းများ ပြုလုပ်ပေးခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာ (မြေသင်တန်းများ ရရှိနိုင်ရန် (ပိုး/မျိုး/ ချိတ်ဆက်တင်ပြခြင်း။ | |
| ၄ | စိုက်ပျိုးရေး | မျိုးကောင်းမျိုးသန့် | စပါး မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းရရှိရန် / ချိတ်ဆက်လုပ်ဆောင်ခြင်း။ | |
| ၅ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ဒေသထွက်ကုန်များ အရည်အသွေးကောင်း၍ ဈေးနှုန်းတိုးတက်ရရှိစေရန် သင်တန်းများ ပြုလုပ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ဆင်ကူး | | | ကျေးရွာအမည် – ဘုတ်ကိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဝပ်ရှော့၊ အပ်ချုပ်စက်၊) ဆိုင်ကယ်ပြင်၊ ဆံပင်ညှပ်၊ စသည် (ပြုလုပ်ပေးခြင်း။ | |
| ၇ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် ဖော်ဆောင်ပေးခြင်း။ | |
| ၈ | ငွေကြေး | အသေးစား | အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊) စိုက်မွေးမဟုတ်( | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင် (၆၀' x ၃၀'x ၁၂') တစ်ဆောင် ဆောက်လုပ်ခြင်း။ | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းအိမ်သာ (၂ ခန်းတွဲ တစ်လုံး (တည်ဆောက်ခြင်း | |

| ကျေးရွာအုပ်စုအမည် – ဆင်ကူး | | | ကျေးရွာအမည် – ဘုတ်ကိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | သင်ထောက်ကူ | | |
| ၁၁ | ပညာရေး | ကျောင်းတက်နှုန်း၊ ပညာအရည်အသွေး | ကျောင်းသူသားများ၏/ ပညာရေးအခြေအနေ တိုးတက်လာစေရန် မိဘနှင့်ဆရာများ ပူးပေါင်းဆောင်ရွက်ခြင်း။ | |
| ၁၂ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမို ရရှိနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခြင်း။ | |
| ၁၃ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက် ဖြစ်ပွားသော ရောဂါများကို အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ | |
| ၁၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာချဉ်းကပ်လမ်း (၁၁၆၀' x ၁၂') အား မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ဘုတ်ကိုင်း ဖာလုံ ၂) ဆင်ကူး ကျေးရွာချင်းဆက်လမ်း–x ၁၈') အား မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ဆင်ကူး | | | ကျေးရွာအမည် - ဘုတ်ကိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | | |
| | | | | |
| | | | | |
| ၁၆ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | အိမ်တိုင်းစေ့ လျှပ်စစ်မီး သွယ်တန်းနိုင်ရန် ချိတ်ဆက်တင်ပြခြင်း။ | |
| ၁၇ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | လူငယ်များအတွက် ခေါင်းဆောင်မှုနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၁၈ | လူငယ်နှင့် အားကစား | အားကစား | မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရန် အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၁၉ | လူငယ်နှင့် အားကစား | အားကစား | လူငယ်များ အားကစားလှုပ်ရှားမှု တိုးတက်လာစေရန် အားကာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။/ | |
| ၂၀ | လူငယ်နှင့် အားကစား | အားကစား | လူငယ်များအတွက် အားကစားပစ္စည်း အသုံးအဆောင်များ စီစဉ်ပေးခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ဆင်ကူး | | | ကျေးရွာအမည် – ဘုတ်ကိုင်း | မှတ်ချက် |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက် ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | |
| ၂၁ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | လူငယ်များ အသိပညာ၊ ယဉ်ကျေးမှု တိုးတက်လာစေရန်အတွက် ပညာပေးလုပ်ငန်းများ၊ စာပေဟောပြောပွဲများ လုပ်ဆောင်ခြင်း။ | |
| ၂၂ | သယံဇာတနှင့်သဘာဝဝန်းကျင် | သန့်ရှင်းရေး | ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၂၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း ၅၃၀၀)' x ၁၂') အား မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## ဘုတ်ကိုင်းကျေးရွာ၊ ဆင်ကူးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုးမြင့် | ဦးကြီးမောင် | ၆/သရခ (နိုင်) ဝ၁၃၁ဝ၉ | ၅၃ | ဥက္ကဋ္ဌ | 09–776096913 |
| ၂ | ဦးကျော်လွင် | ဦးထွန်းအေး | ၆/သရခ (နိုင်) ဝ၅၈၄၈၁ | ၅၂ | ဥက္ကဋ္ဌ၊ ဝယ်/ဆပ် | – |
| ၃ | ဦးသက်တင် | ဦးဦးလှ | ၆/သရခ (နိုင်) ဝ၁၃၂၂၉ | ၅၂ | အတွင်းရေးမှူး | – |
| ၄ | ဦးကျင်ရှိန် | ဦးနှင်းလှ | ၆/သရခ (နိုင်) ဝ၂၃၅၂၈၂ | ၆ဝ | စာရင်းကိုင် | |
| ၅ | ဦးကျင်စိုး | ဦးဦးလှ | ၆/သရခ (နိုင်) ဝ၁၂၉၁၃ | ၅၃ | ဘဏ္ဍာရေးမှူး | – |
| ၆ | ဦးဆွေမြင့် | ဦး | ၆/သရခ (နိုင်) ဝဝ၆၆၂၂ | ၅၄ | အဖွဲ့ဝင် | – |
| ၇ | ဒေါ်သင်းနု | ဦး | ၆/သရခ (နိုင်) | ၅၅ | အဖွဲ့ဝင် | – |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၂ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇ | ၇ | ၁၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၄ | ၂၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၁၄ | ၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၃ | ၁၈၇ | ၃၄၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၂၄ | ၃၃ |
| **စုစုပေါင်း** | | ၂၀၆ | ၂၄၈ | ၄၅၄ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၈၇ | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကိုင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၇)အိမ်ရှိပြီး လူဦးရေပေါင်း (၄၅၄)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ်(၁.၃၂%)၊ ၅နှစ် အောက် ကလေး အရွယ်(၃.၀၈ %)၊ မူလတန်းကျောင်းသား အရွယ်(၆.၁၆၇%)၊ အလယ်တန်း ကျောင်းသားအရွယ် (၇.၂၆%)၊သက်ကြီးရွယ်ကြီး

အရွယ်(၇.၂၆%)ရှိပါသည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၇၄.၈၈%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၀၆) ဦး၊ မ (၂၄၈)ဦး စုစုပေါင်း(၄၅၄)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၇၀.၃၀%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၈၆)ဦးနှုန်းရှိ သောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှ တစ်အိမ်ထောင်လျှင်(၅)ဦးနှုန်း ထက်လျော့ နည်းနေပါသည်။သို့သော်လည်းကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၂၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၄၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁၅ | ၀ | မြင့် ☐ လတ်⍰ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ⍰ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၂ | ၀ | မြင့် ☐ လတ် ⍰ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | ၀ | မြင့် ☐ လတ်☐ နိမ့် ⍰ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၀ | မြင့် ☐ လတ် ⍰ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၀ | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၀ | | မြင့် ☐ လတ် ☒<br>နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ်☐<br>နိမ့် ☒ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၂ | | မြင့် ☐ လတ်☐ နိမ့် ☒ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကိုင်းကျေးရွာတွင် ရေလုပ်ငန်းကဏ္ဍတွင် အဓိကဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ အိမ်ထောင်စုများပြားပါသည်။ကျေးရွာ၏(၃၄.၄၈%)ရှိ ပါသည်။ လယ်စိုက်ပျိုးရေးအား ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စု(၁၀)အိမ်မျှသာရှိပါသည်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်သူများလည်း ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပွတ်သက်၍ ကိုယ်ပိုင်လုပ်ကိုင်သောအိမ်ထောင်စု (၅) အိမ်နှင့် အငှားလုပ် ကိုင်သူ(၁၀) အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၅) အိမ်ရှိပါ သည်။ အခြားအိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ကုမ္ပဏီ တွင် လုပ်ကိုင်သူများ၊ ပညာရေး ဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်

လိုအပ်လျက်ရှိပါသည်။

**(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဥ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား**

**အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကိုင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း များ အငှားလုပ်ကိုင်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား (၇,၀၀၀)၊ အမျိုးသမီး(၆,၀၀၀) ကျပ် ရရှိပါသည်။အမျိုးသားတစ်နေ့လုပ်အားခအများဆုံး(၂၀၀၀၀)ကျပ်နှင့်အနည်းဆုံး (၇၀၀၀)ကျပ် ရရှိပါသည်။ အမျိုးသမီးများ တစ်နေ့လုပ်အားခအများဆုံး(၇၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်ရရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၆၆ | ကောင်း☐ | သင့်Â | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း☐ | သင့်Â | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၄၆ | ကောင်း☐ | သင့်Â | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | ၅ | ကောင်း☐ | သင့်☐ | ညံ့ Â |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | ၄ | ကောင်း ☐ | သင့်Â | ညံ့ ☐ |
| **စုစုပေါင်း** | **၄၁၇** | ☒ | | |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး**

**အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကိုင်းကျေးရွာ၏စိုက်ပျိုးမြေအများစုမှာ ဥယျာဉ်ခြံမြေများ အများဆုံးဖြစ်ပြီး မြေဆီလွှာအရည်အသွေးညံ့သည့် အခြေအနေတွင် ရှိပါသည်။ ဥယျာဉ်ခြံမြေများသို့ ပိုးမွှားများ တောတိရိစ္ဆာန် များဝင်ရောက်မှုရှိသည့် အတွက် မြေဆီလွှာပျက်စီးခြင်း၊ အပင်များပျက်စီးခြင်းများ ကြုံတွေ့ နေရပါသည်။ လယ်ယာမြေ (၆၆)ကေရှိပြီး ပိုးမွှားရောဂါ ကျရောက်မှုရှိသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေး သင်တန်းများ ပို့ချပေးရန်လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ရာသီစာ သီးနှံ (အပင်နု)များ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ **(**ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။**)** | များ ☐ သင့်☐ နည်း☐ မရှိ Â | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း Â မရှိ ☐ | လွယ် ☐ ခကÂ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ **(**နွားစာ၊ဆေးဘက်ဝင်အပင်များ**)** | များ ☐ သင့်☐ နည်း ☐ မရှိ Â | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ Â | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊**

**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကိုင်းကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများထွက်ရှိခြင်းမရှိပါ သဘာဝအပင်မျိုးစိတ်များ၊ ထွက်ရှိခြင်းအနည်းငယ်ရှိပါသည်။ ဘဘာဝတိရိစ္ဆာန် မျိုးစိတ်များ ထွက်ရှိ ခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး မြစ်ချောင်းများမှ ချောင်းကျောက် ထုတ်လုပ်မှုများ အနည်းငယ်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၁၀ | ၃၀ | ၄၀ | ၇ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကိုင်းကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၁၀) အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၃၀)အိမ်ရှိသည့် အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက် တစ်လှမ်းမှ အထောက်အကူပြု နိုင်ပါလိမ့်မည်။

မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည် သော အိမ်ထောင်စု (၃၂.၄၃%)မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရှိနေပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၅ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၁၀___<br>လုပ်အားခကြိုယူ = ___၁၅___ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၂၀___<br>လုပ်အားခကြိုယူ = ___၂___ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကိုင်းကျေးရွာသည် စီးပွားရေးအဆင်မပြေသောအိမ်ထောင်စု အရေအတွက် များသောကြောင့် ချေးယူပြီးစားဝတ်နေရေး အခက်အခဲများကိုဖြေရှင်းကြရပါသည်။ စီးပွားရေးအဆင် ပြေသည့် အိမ်ထောင်စု အရေအတွက်မှာ အလွန်ပင်နည်းပါးပါသည်။ လုပ်အားခအကြိုယူပြီး မိသားစုပြသနာများကို ဖြေရှင်းကြပါသည်။ ကျေးရွာသူရွာသားများသည် ရာသီအလိုက် လုပ်ကိုင်စားသောက်ကြသော အိမ်ထောင်စု များသော်လည်း ဝမ်းစာဖူလုံမှုမရှိပါအများအားဖြင့် ချေးယူသည့် အိမ်ထောင်စုများ ပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကိုင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ ကျား(၁)ဦးနှင့် မ(၁)ဦးရှိပါသည်။ ဆင်းရဲပြီးမိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၁၀) အိမ်ထောင်ရှိပါသည်။ ထိခိုက်သက်ရောက်မှု အခြေအနေများ ဖြစ်ပေါ်လာပါက ကျေးရွာ ပရဟိတအသင်းမှ တတ်နိုင်အားမျှကူ ညီဆောင်ရွက်ပေးပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၇ | လျှင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိÂ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကိုင်းကျေးရွာတွင် သဘာဝအရင်းအမြစ် ထွက်ရှိမှုရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း ကျရောက်ခြင်း၊လျှောင်လှုပ်ခြင်း၊ မြေပြိုခြင်းများမရှိသော်လည်း သစ်တောပြုန်းတီးခြင်းများ အနည်းငယ်ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန်ကူးစက် ရောဂါကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ရမည့် နည်းလမ်းများကိုမသိရှိခြင်းကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများမရှိပေ။

**(င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၄ | ရွှေ့တွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကိုင်းကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ် ပြန် အခြေချသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများလည်း အနည်းငယ်ရှိနိုင်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကျောင်းကော်မတီ | ၁□၂Â ၃□ | ၁၀ | ၃ | ၁၃ | ပညာရေး Â ငွေကြေး Â ကျန်းမာရေးÂ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေရး □ လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □ သင့် Â ညံ့ □ |
| ၂ | ပျိုု/လူပျို အသင်း | ၁□ ၂ Â ၃□ | ၂၀ | ၃၀ | ၅၀ | ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေရး Â လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □ သင့် Â ညံ့ □ |
| ၃ | ပရဟိတ အ သင်း | ၁□ ၂ Â ၃□ | **၁၀** | **၅** | **၁၅** | ပညာရေး □ ငွေကြေး Â ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေရး Â | ကောင်း □ သင့် Â ညံ့ □ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ၆ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | း☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကိုင်းကျေးရွာတွင် ရွာတွင်းရှိအဖွဲ့အစည်းများသည် သူ့နေရာနှင့်သူ စည်းစည်းလုံးလုံးနှင့် စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်ဆောင်ရွက် နေကြပါသည်။ သာရေးနာရေး (ပရဟိတ) အဖွဲ့မှလည်း ကျေးရွာအတွင်း နာရေးများဖြစ်ပေါ်ပါက တစ်အိမ်လျှင် (၃၀၀၀၀၀)သိန်းထောက်ပံ့ပါသည်။ ပျို/လူပျိုများမှာလည်း ကျေးရွာအတွင်းလူမှုရေး ၊ဘာသာရေး စသည့်တို့ကို ဆောင်ရွက်ပေးပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေး နိုင်သည်) |
|---|---|---|---|
